ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်

နေ့စွဲ – ၁၈. ၄. ၁၀

## ကဲလ်ဗင်းဩဝါဒကိုလေ့လာခြင်း

(Calvinism, the truth.... Arminianism, the lie, Rev. Robert C. Harbach)

### ၄) ငြင်းပယ်တော်မူခြင်း(Reprobation)

ဘုရားသခင်က ဒီလောက်ဘဲ သိဖို့ သင့်တော်ပါတယ်လို့ ဖွင့်ပြသလောက်ကိုသာ ငြင်းပယ်ခြင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ သိပါတယ်လို့ ကဲဗင်းဩဝါဒက ပြောပါတယ်။ ကျမ်းစာက ရွေးကောက်ခြင်းခံရတဲ့သူတွေဟာလဲ ဒီအတိုင်းကြည့်ရင် ဆိုးညစ်သူတွေ၊ လုံးလုံးလျားလျားအပြစ်သားတွေသာ ဖြစ်ကြပါတယ်၊ ငြင်းပယ်ခြင်းခံရသူတွေနဲ့ ဘာမှမထူးပါဘူးလို့ ပြောပါတယ်။ "အိုဣသရေလအမျိုးသားတို့၊ သင်တို့သည် ငါ(ရှေ့)၌ ကုရှ (အီသီယိုပီးယား)အမျိုးသားကဲ့သို့ ဖြစ်ကြသည်မဟုတ်လောဟု ထာဝရဘုရားမိန့်တော်မူ၏" (အာမုတ် ၉း၇)။ ဒါပေမဲ့ ဘုရားသခင်ဟာ တခြားလူမျိုးတွေကို ပယ်ပြီးတော့ အစ္စရေးကိုဘဲ ရွေးတော်မူပါတယ် (ဂလာတိ ၆း၁၆)။ ကျမ်းစာက တယောက်ခြင်းနဲ့ဆိုင်တဲ့ ရွေးကောက်ခြင်းကိုလဲ ပြောပြပါတယ် (၂သက် ၂း၁၃)။ ဒါ့ကြောင့် ကယ်တင်ခြင်းအတွက် ရွေးကောက်ခြင်းမခံရတဲ့သူတွေဟာ တကယ်ဘဲ ရှိနေပါတယ်။ ဘုရားသခင်ဟာသူရွေးကောက်ထားသူတွေကို ဘယ်တော့မှ အမျက်ဒေါသအောက်ကို ပို့တော်မမူပါဘူး။ "အမျက်တော်ကို ခံစေခြင်းငှာ ဘုရားသခင်သည် ငါတို့ကို ခန့်ထားတော်မူသည်မဟုတ်၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ကယ်တင်ခြင်းကို ပိုင်ရစေခြင်းငှာ ခန့်ထားတော်မူ၏" (၁သက် ၅း၉)။ ဒီကျမ်းပိုဒ်ကိုကြည့်ရင်၊ တချို့ကိုတော့ အမျက်တော်အောက်မှာ ထားတော်မူတယ်လို့ ကောက်ချက်ချရမှာဖြစ်ပါတယ်။ သေလောက်သောချော်လဲခြင်းမှာ ထားတယ်လို့ ပြောရမှာဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခရစ်တော်ဟာ "နားမထောင်ဘဲ နှုတ်ကပတ်တရားတော်ကို ထိမိ၍ လဲသောသူတို့သည် ထိမိ၍လဲစရာကျောက်၊ မှားယွင်းစရာကျောက်လည်း ဖြစ်၏၊ ထိုအမှုနှင့် တွေ့စေခြင်းငှာ ထိုသူတို့ကို ခန့်ထားတော်မူသတည်း" (၁ပေ ၂း၈)။ တချို့သောသူတွေကို ဘုရားသခင်က ခရစ်တော်စီ ပေးထားပါတယ်၊"ခမည်းတော်သည် ငါ့အား ပေးတော်မူသမျှသောသူတို့သည် ငါ့ထံသို့ လာကြလိမ့်မည်" (ယော ၆း၃၇)။ အဲဒါကြောင့် တခြားသူတွေကိုတော့ ဘုရားသခင်က ခရစ်တော်စီမှာ ပေးမထားဘူးလို့ ပြောနေတာဖြစ်တယ်၊ "လောကီသားတို့အဖို့အလို့ငှာ ဆုတောင်းသည် မဟုတ်ပါ၊ အကျွန်ုပ်အား ပေးတော်မူသောသူတို့သည် ကိုယ်တော်၏လူ ဖြစ်သောကြောင့်၊ ထိုသူတို့အဖို့အလို့ငှာ ဆုတောင်းပါ၏"(I pray *not* for the world, but for them which Thou hast given Me ယော ၁၇း၉)။ ပြီးတော့ ကျမ်းစာကပြောပါတယ်၊ တချို့သောသူတွေရဲ့ နာမည်တွေဟာ အသက်စာစောင်ထဲမှာ ရေးမှတ်ထားပါတယ်(ဗျာ ၂၁း၂၇)၊ တချို့သောသူတွေရဲ့ နာမည်တွေကိုတော့ လုံးဝရေးမှတ်မထားပါဘူး၊ "ကမ္ဘာဦးကပင် အသက်စာစောင်၏စာရင်း၌ စာရင်းမဝင်သော မြေကြီးသားတို့သည်" (whose names were *not* written in the book of life from the foundation of the world ဗျာ ၁၇း ၈)။ တချို့ကိုတော့ ကောင်းကင်နိုင်ငံတော်ရဲ့ လျှို့ဝှက်နက်နဲမှုတွေကို သိနိုင်ခွင့် ပေးတော်မူပါတယ်၊ ဒါပေမဲ့ တချို့ကိုတော့ သိကိုမသိစေဘဲ ထားတော်မူပါတယ် (မဿဲ ၁၃း၁၁၊ မာကု ၄း၁၁–၁၂)။ တချို့သောသူတွေအတွက် ဆုတောင်းပါလို့ ပြောပေမဲ့၊ တချို့သောသူတွေအတွက်တော့ ဆုမတောင်းပါနဲ့လို့ ဘုရားသခင်က ပြောတော်မူပါတယ် (ယေ၁၄း ၁၁၊ ၇း၁၆)။ တချို့သောသူတွေကို သခင်ခရစ်တော်ကြောင့် လက်ခံတော်မူပါတယ် (ဧဖက် ၁း၆၊ ဆရာယုဒသန် ဘာသာပြန်မှာ အဲဒီစကားအတိအကျမပါဘူး၊ ဒါကြောင့် ကိုယ့်ဘာသာကိုယ် ပြန်ပါတယ်၊ To the praise of the glory of his grace, wherein he hath made us accepted in the beloved. "သူ့ကျေးဇူးတော်၏ ဘုန်းအသရေကို ချီးမွမ်းခြင်းစေခြင်းငှာ၊ ဘုရားသခင်သည် ချစ်တော်မူသောသူအားဖြင့် ငါတို့ကို လက်ခံတော်မူ၏")။ ဒါပေမဲ့ တ

ခြားသူတွေကိုကျတော့ ရှိုင်းစိုင်းတဲ့တိရိစ္ဆာန်တွေလို ဖန်ဆင်းထားပါတယ် “သူတို့မူကား ဖမ်း၍ ဖျက်ဆီးဖို့ရာ ဖန်ဆင်းသော တိရိစ္ဆာန်သက်သက်ကဲ့သို့ .....အကုန်အစင်ပျက်စီးခြင်း သို့ ရောက်ကြလိမ့်မည်”(၂ပေ ၂း၁၂)။

အဲ့ဩစရာကောင်းတာက အဲဒီလို ငြင်းပယ်ခြင်းခံရတဲ့သူတွေက ဘုရားသခင်ကိုလည်း လုံးဝမသိချင်ကြဘူး၊ ဘုရားသခင်ကို နာခံလိုခြင်းဆိုတဲ့စိတ်ဓါတ်ကို သူတို့ဆီမှာ လုံးဝမတွေ့ရပါဘူး။ သူတို့ဟာ သေခြင်းနဲ့ ပဋိညာဉ် ပြုကြသူတွေဖြစ်ပါတယ် (ဟေရှာ ၂၈း၁၅)။ အဲဒီလို မနာခံသူတွေဖြစ်အောင်လဲ ဘုရားသခင်က အစိုးရတော်မူစွာ ခန့်ထားတာဖြစ်တယ် (၁ပေ ၂း၈၊ ယုဒ ၄)။ ကျမ်းစာက ဘုရားသခင်ရဲ့ ထာဝရကြိုတင်သိတော်မူခြင်းကို ပြောတဲ့အခါမှာ၊ မဖြစ်ခင်ကြိုသိယုံ၊ ဖြစ်လာမှာကို သိနေယုံကလေးကို ပြောနေတာမဟုတ်ပါဘူး။ “ကြိုတင်သိတော်မူတယ်”လို့ပြောတဲ့အခါမှာ ထာဝရကာလကနေ ချစ်တော်မူတယ်လို့ ပြောနေတာဖြစ်ပါတယ်။ “ဘုရားသခင်သည် အထက်ကသိမှတ်တော်မူသော မိမိလူတို့ကို ပယ်တော်မမူ”လို့ ပြောပါတယ် (ရောမ ၁၁း၂)။ အဲဒီလို ဘုရားသခင်က သူ့လူတွေကို ချစ်တော်မူခြင်းဟာ၊ သူ့လူတွေက ဘုရားသခင်ကို ချစ်ကြရခြင်းရဲ့ အခြေခံဖြစ်လာပါတယ်။ “ငါ၏သိုးတို့ကို ငါသိ(ချစ်)၏၊ ငါ့သိုးတို့သည်လည်း ငါ့ကိုသိ(ချစ်)ကြ၏”လို့ သခင်ခရစ်တော် ပြောပါတယ်(ယော ၁၀း၁၄)။ ဒါပေမဲ့ တခြားသူတွေကိုကျတော့ သခင်ယေရှုက “သင်တို့ကို ငါအလျှင်းမသိ(မချစ်)”လို့ ပြောပါတယ်(မဿဲ ၇း၂၃)။ ကမ္ဘာမတည်မရှိမှီကထဲက သူတို့ကို ဘုရားသခင်က မချစ်တာဖြစ်တယ်။ သူတို့အတွက်တော့ ဘုရားသခင်ဟာ လောင်သောမီးနဲ့တူနေပါတယ် (ဟေဗြဲ ၁၂း၂၉)။ ဘုရားသခင် စိုက်တော်မမူတဲ့ အပင်ရှိသမျှကို နုတ်ပစ်ရမယ်လို့ သခင်ခရစ်တော်ကပြောပါတယ် (မဿဲ ၁၅း၁၃)။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်ကိုယ်၌က အဲဒီလူတွေကို သခင်ခရစ်တော်ထံမှာ စိုက်ပျိုးဖို့ ရည်ရွယ်ချက် မထားလို့ဖြစ်တယ်၊ သူ့ဉယျာဉ်ထဲက အပင်များအဖြစ် စိုက်ကို မစိုက်လို့ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘုရားသခင်ဟာ သူ့ရဲ့ ကောင်းမြတ်တော်မူခြင်းမှာ အစိုးရတော်မူသလို၊ သူ့ရဲ့ပြင်းထန်ခြင်းထဲမှာလဲ အစိုးရတော်မူပါတယ် (ရောမ ၁၁း၂၂)။ သူ့ရဲ့ အစိုးရ တော်မူခြင်းဟာ ဘယ်သူ့အပေါ်မှာမှ မမှီခိုဘဲ လွတ်လပ်တော်မူသလို၊ ပြည့်ဝလှပါတယ်၊ “(ဘုရားသခင်သည်) ကျေးဇူးပြုလိုသောသူကို(သနားချင်သောသူကို) ကျေးဇူးပြု(သနား)တော်မူ၏၊ ခိုင်မာစေလိုသောသူကိုလည်း ခိုင်မာစေတော်မူ ၏” (ရောမ ၉း၁၈)။ စိတ်မာပြီး ဘုရားသခင်ကို မယုံချင်တဲ့သူတွေဟာ၊ ဘုရားသခင်ကိုယ်၌က အဲဒီလို စိတ်မာ အောင်လုပ်လို့ ဖြစ်တယ်။ သူ့ရဲ့အမျက်ဒေါသကို အဲဒီလိုလူတွေထံမှာ ပြတော်မူချင်လို့ဖြစ်တယ်။ သူ့ရဲ့ ဘုန်းတော် ကို အဲဒီလို ထင်ရှားစေချင်လို့ဖြစ်တယ် (ရောမ ၉း၂၁–၂၃)။ ဒီအမှန်တရားကို လူအတော်များများက ကြည့်လို့ကို မရကြဘူးဖြစ်တယ်။ လူတွေ ကြည့်လို့မရတာကို ဘုရားကလည်း နဲနဲမှ ဂရုမစိုက်ပါဘူး။

တချို့သောသူတွေကို ဘုရားသခင်က အချိန်တန်တဲ့အခါမှာ ယုံကြည်ခြင်းကိုပေးတယ်၊ ကောင်းမြတ်သောအကျင့်တွေ လုပ်နိုင်ဖို့လဲ ခွန်အားပေးတယ်၊ တချို့ကိုကြတော့ အဲဒီလိုမပေးဘူး၊ ဘာကြောင့် ဒါတွေဖြစ်နေရတာလဲဆိုတော့ ဘုရားသခင်ရဲ့ ထာဝရအမိန့်တော်(eternal decree)က အဆုံးအဖြတ်ပေးနေတာ ဖြစ်တယ်။ အဲဒီ ထာဝရအမိန့်တော်ရဲ့ အဓိကအချက်ဟာ ဘုရားသခင်ရဲ့ စိတ်ဆန္ဒအတိုင်း အစိုးရတော်မူစွာ ကောင်းတယ်လို့ ဆုံးဖြတ်တာဖြစ်တယ်(the sovereign good pleasure and will of God)။ အပြစ်ထဲကျဆုံးခြင်း၊ ငြင်းပယ်ခံရခြင်း စတဲ့ ထာဝရ သတ်မှတ်တော်မူချက်တွေဟာ အဲဒီ အဓိကအချက် အောက်မှာရှိပြီး၊ အဲဒီ အဓိကအချက်ကို အကောင်အထည် ဖေါ်ပေးပါတယ်(ရောမ ၉း၁၁၊ ဧဖက် ၁း၁၁၊ သုတ္တံ ၁၆း၄)။

## ၅) အကန့်အသတ်ရှိသောအပြစ်မှခွင့်လွှတ်ခြင်း(Limited Atonement)

ကဲဗင်းဩဝါဒက သခင်ခရစ်တော်ဟာ ခမည်းတော်က သူ့ကို ပေးထားသူတွေ အားလုံးအတွက် အသေခံတော်မူတယ်လို့ ပြောပါတယ်။ အဲဒီလို အသေခံပေးတဲ့အခါမှာ ကယ်တင်ခြင်းကို တကယ်ရအောင် ပေးပါတယ်၊ ရနိုင်စရာရှိတယ် ဆိုတဲ့အဆင့်လောက်မှာ ထားမခဲ့ပါဘူး(ယော ၁၇း၂၊ ၁၂)။ ကမ္ဘာသူကမ္ဘာသား တယောက်မကျန်အတွက် အသေမခံပါဘူး။ အဲဒါကို ကျမ်းစာက “ယုံကြည်သော သူတိုင်းအတွက်”လို့ ပြောပါတယ်

(ယော ၃း၁၆)။ အဲဒီလို ယုံကြည်ချင်သော သူတွေဟာ၊ လူတိုင်းမယုံချင်ပါဘူး၊ ဘုရားသခင်က ထာဝရအသက်ရဖို့ ခန့်ထားသူတွေကဘဲ ယုံကြည်ချင်ကြတာ ဖြစ်ပါတယ် (တမန် ၁၃း၄၈)။ ဒါ့ကြောင့် "ဘုရားသခင့် နာမကို ခေါ်သောသူတိုင်း" ဆိုတာဟာ ဘုရားသခင့် ရည်ရွယ်ချက်နဲ့ ကျေးဇူးတော်အတိုင်းသာ ဖြစ်ပါတယ် (၂တိ ၁း၉ Who hath saved us, and called *us* with an holy calling, not according to our works, but according to his own purpose and grace, which was given us in Christ Jesus before the world beganေ)။ ကျမ်းစာက သခင်ယေရှုဟာ ဆိုးညစ်သူတွေအတွက် အသေခံတော်မူတယ်လို့ပြောတဲ့အခါ (ရော ၅း၆)၊ သတိပြုရမှာက သူဟာ ဆိုးညစ်သူတွေ အားလုံးအတွက်လို့ မပြောထားတာကို ဖြစ်တယ်။ ကျမ်းစာက "အားလုံး"ဆိုတဲ့ စကားလုံး ကို သုံးတဲ့အခါမှာ ဘယ်အတိုင်းအတာထိ ပြောနေသလဲ ဆိုတာကို၊ ဆက်နွယ်နေတဲ့ ကျမ်းပိုဒ်တွေကို လေ့လာခြင်းဖြင့် သိနိုင်ပါတယ်။ "ထာဝရဘုရား၏ လက်တော်သည် အဘယ်သူအား ထင်ရှားတော်မူသနည်း"လို့ မေးထားပါတယ် (ဟေရှာ ၅၃း၁)။ ဘာလို့လဲ? ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်က အစိုးရတော်မူစွာ တခြားလူတွေကို မယုံကြည်ဘဲ ပိုပြီး စိတ်နိုင်မာလာဖို့ ဆုံးဖြတ်တော်မူလို့ ဖြစ်ပါတယ်(ယော ၁၂း၃၇-၄၀)။ ၁ကော ၁၅း၂၂၊ ရောမ ၅း၁၈ တို့မှာသုံးတဲ့ "အားလုံး" ဆိုတဲ့ စကားလုံးဟာ ခရစ်တော်၌ ရှိသူအားလုံးကို ဆိုလိုတာ ဖြစ်တယ်။ ၁တိ ၂း၄ မှာသုံးတဲ့ "အားလုံး" ဆိုတဲ့စကားလုံးရဲ့ အဓိပ္ပါယ်ကတော့၊ အဆင့်အားလုံးကို ဆိုလိုနေတာ ဖြစ်တယ် (အရာရှိ၊ သာမန်လူ စတာ မျိုးပေါ့)။ ၂ပေ ၃း၉ ကိုကြည့်ရအောင် "လူအချို့တို့သည် နှေးခြင်းကို မှတ်သည်အတိုင်း၊ ထာဝရဘုရားသည် ကတိတော်အရာမှာ နှေးတော်မမူ၊ ငါတို့တွင် အဘယ်သူမျှ မပျက်ဆီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှာ အလိုတော်ရှိ၍၊ ငါတို့ကို သီးခံတော်မူ၏။" ဘုရားသခင်ဟာ သူ ရွေးကောက်ထားတဲ့ ကျွန်တော်တို့ကို သီးခံတော် မူတဲ့အကြောင်း ပြောနေတာဖြစ်တယ်။ ရွေးကောက်ထားတဲ့ ကျွန်တော်တို့တွေ တယောက်မှ ပျောက်ဆုံးတာကို မလိုချင်ဘူး။ ဒါ့ကြောင့် ဒီကျမ်းပိုဒ်က လောကသား တယောက်မကျန်ကို ပြောနေတာ မဟုတ်ဘူး၊ သူချစ်တော်မူသော သူ့သားသမီး ယုံကြည်သူတွေကို ရည်ညွှန်းနေတာ ဖြစ်ပါတယ်။

နောက်တခုပြောဖို့ ကျန်ပါသေးတယ်၊ အဲဒါကတော့ "ကမ္ဘာလောကတခုလုံး"(world)ဆိုတဲ့ စကားလုံး ဖြစ်တယ်။ ခရစ်တော်ဟာ တကမ္ဘာလုံးမှာရှိတဲ့ လူတယောက်မကျန်အတွက် အသေခံတော်မူပါသလား? အသေမခံပါဘူး။ သူဟာ "ယုံကြည်သူ အပေါင်းတို့"အတွက်သာ သေပါတယ်(ယော ၃း၁၆)။ အဲဒီ ယုံကြည်သူ အပေါင်းတို့ ထံကနေ အပြစ်အားလုံးကို ယူဆောင်သွားပေးပါတယ် (ယော ၁း၂၉)။ တကမ္ဘာလုံးအတွက် သေခဲ့တယ်ဆိုရင် တကမ္ဘာလုံးအတွက် ဆုတောင်းမှာပေါ့၊ အခုတော့ တကမ္ဘာလုံးအတွက် ဆုမတောင်းပါဘူး "လောကီသားတို့ (ကမ္ဘာကြီးအတွက်) အတို့အလို့ငှာ ဆုတောင်းသည်မဟုတ်ပါ"(ယော ၁၇း၉ I pray not for the world)။ ကျမ်းစာအရဆိုရင် ကမ္ဘာ(၂)ခုရှိပါတယ်၊ ရွေးကောက်ခြင်းခံရသူတွေ ပါဝင်တဲ့ကမ္ဘာကြီး(ယော ၁း၂၉)နဲ့ ဆိုးညစ်သူတို့ ပါဝင်ဖွဲ့ စည်းထားတဲ့ ကမ္ဘာကြီး(၂ပေ ၂း၅) နှစ်ခုဖြစ်တယ်။

သခင်ခရစ်တော်ဟာ သူ့ရဲ့အသက်ကို သီးသန့်ကျစွာ သိုးတွေအတွက်ဘဲ အသေခံတော်မူပါတယ်။ တခြားသူတွေကိုတော့ "မင်းတို့ဟာ ငါ့သိုးတွေမဟုတ်ဘူး"လို့ပြောပါတယ် (ယော ၁၀း၁၅၊ ၂၆)။ သူ့သိုး မဟုတ်သူတွေအတွက် အသေမခံပါဘူး။ ကမ္ဘာဦးကနေ ဘုရားသခင်ဟာ တယောက်မကျန်ကို ကယ်တင်မယ်လို့ လုံးဝအစီအစဉ် မရှိပါဘူး (ကမ္ဘာ ၃း၁၅)။ အစကထဲကနေ ဘုရားသခင်ဟာ ဘုရားသခင်ရဲ့ သားသမီးတွေနဲ့ နတ်ဆိုးရဲ့ သားသမီးတွေကြားမှာ ရန်ငြိုးကို ထားရှိပေးပါတယ်။ အစကထဲကနေ လက်ဝါးကပ်တိုင်က ကမ္ဘာ့ လူထုကြီးကို (၂)ခြမ်း ကွဲသွားစေပါတယ်။ လက်ဝါးကပ်တိုင်ဟာ ဘယ်တုန်းကမှ မြွေရဲ့အမျိုးအနွယ်တွေကို ကယ်ဖို့ မဟုတ်ခဲ့ပါဘူး။ ငြင်းပယ်ခြင်း ခံရတဲ့ အမျိုးအနွယ်တွေ အပေါ်မှာ အမြဲတမ်းဘဲ ဘုရားသခင်ရဲ့ ကျိန်ခြင်း အမင်္ဂလာသာ ရှိနေတာ ဖြစ်တယ်။ "မတရား(ဆိုးညစ်)သူ၏ နေရာ(အိမ်)သည် ထာဝရဘုရား၏ ကျိန်တော်မူခြင်းကို ခံရ၏။ (သို့သော်) တရားသောသူ၏ နေ(ထိုင်)ရာကိုကား ကောင်းချီးပေးတော်မူ၏။ အကယ်စင်စစ် ကဲ့ရဲ့သော သူတို့ကို (ဘုရားသခင်သည်) ကဲ့ရဲ့တော်မူသည်။ (သို့သော်) စိတ်နှိမ့်ချသော သူတို့အားကား ကျေးဇူးတော်ကို ပေးတော်မူ ၏"လို့ ကျမ်းစာက ပြောနေပါတယ် (သုတ္တံ ၃း၃၃ -၃၄)။ ဝေဖေလီတရားကို ငြင်းပယ်ခြင်း

ခံရသူတွေထဲမှာ ဟောကြားခြင်းဟာ ကျိန်ခြင်းသာ ဖြစ်ပါတယ်၊ ဘယ်တုန်းကမှ ကောင်းချီးမင်္ဂလာ မဟုတ်ပါဘူး (၂ကော ၂း၁၅–၁၆)။ ဒါ့ကြောင့် ဘုရားသခင် ဘုရားသခင်ဟာ လူတိုင်းကို မချစ်ပါဘူး။ ဖာရောဘုရင်ကို ဘုရားသခင်က ချစ်လို့ လား? (ရော ၉း ၁၇) အာမလက် လူမျိုးတွေကို ဘုရားသခင်က ချစ်လို့လား? (ထွက် ၁၇း၁၄) ခါနန် လူမျိုးတွေ ကိုကော ဘုရားသခင်က ချစ်လို့လား? (တရား ၂၀း၁၆)။ အာမုန်အမျိုး၊ မောဘအမျိုးတွေကိုလဲ မချစ်ပါဘူး (တရား ၂၃း၃)။ ဆိုးညစ် စွာပြုမူသူတွေကို ဘုရားသခင် မချစ်ပါဘူး (ဆာလံ ၅း၅)။ ကျိန်ခြင်းခံတို့ အိုးများ ဆိုတဲ့ လူတွေကိုလဲ မချစ်ပါဘူး (ရော ၉း၂၂)။ ဘုရားသခင်က ဧသောကိုလည်း မချစ်ပါဘူး (ရော ၉း၁၃)။ "ထာဝရဘု ရား အစဉ် အမျက်ထွက်တော်မူသော အမျိုး"လို့ ပြောတဲ့သူတွေကိုလည်း မချစ်ပါဘူး (မာလခိ ၁း၄)။ ဒါ့ကြောင့် လက်ဝါးကပ်တိုင်မှာ ထားတဲ့ ဘုရားသခင်ရဲ့ ရည်ရွယ်တော်မူချက်ဟာ၊ "သူ့လူတွေကို ကယ်တင်ဖို့သာ ဖြစ်ပါ တယ်၊ သူ့လူတွေရဲ့ အပြစ်တွေ အတွက်သာ" ဖြစ်ပါတယ်။

### ၆) တားဆီး၍မရသောဘုရားသခင့်ကျေးဇူးတော်(Irresistible Grace)

ကဲလ်ဗင်းဩဝါဒက ကယ်တင်ခြင်းကိုပေးတဲ့ ကျေးဇူးတော်ဟာ တားဆီးလို့မရဘူး ဆိုတဲ့ အမှန်တရားကို ဝမ်းမြောက်စွာ လက်ခံပါတယ်။ ဘုရားသခင်ဟာ ဘယ်သူ့ကိုမှ အတင်းအကြပ်၊ အလိုဆန္ဒကို ဆန့်ကျင်ပြီး မ ကယ်တင်ပါဘူး။ ဒါပေမဲ့ ကျမ်းစာက "ထို့ကြောင့် လိုချင်သောသူသည် တတ်နိုင်သည် မဟုတ်၊ ပြေးသောသူ လည်း တတ်နိုင်သည် မဟုတ်၊ ကျေးဇူးပြုတော်မူသော ဘုရားသခင်သာလျှင် တတ်နိုင်တော်မူ၏"လို့ ပြောပါ တယ် (ရော ၉း၁၆)။ လူသားရဲ့ အလိုဆန္ဒဟာ အမြဲတမ်း ဘုရားသခင်ရဲ့ ဆန္ဒကို နာခံရပါတယ်။ "အဘယ်သူ သည် အလိုတော်ကို ဆီးတားဘူးသနည်း"လို့ ကျမ်းစာက ပြောပါတယ် (ရော ၉း၁၉)။ ဘုရားသခင်ဟာ အမြဲ တမ်းဘဲ အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူပါတယ်။ ဒါ့ကြောင့် ဝိညာဉ်တော်ကို တားဆီးတယ် ဆိုတဲ့ သူတွေဟာ၊ သူတို့ထဲမှာ ဘုရားသခင်ထားတဲ့ ဝိညာဉ်တော်ကို တားဆီးတာမဟုတ်ကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို လူတွေဆီမှာ ဝိညာဉ်တော်ဟာ အစကထဲက ရှိမနေလို့ ပါဘဲ။ အဲဒါနဲ့ ပြောင်းပြန် သူတို့က တားဆီးနိုင်တယ် ဆို တဲ့ ဝိညာဉ်ဟာ တခြားမဟုတ်ဘူး၊ ပရောက်ဖက်တွေရဲ့ ဟောပြောချက်ကို ဖြစ်တယ်၊ သခင်ဘုရားရဲ့ သင်းအုပ် တွေ ဟောပြောတာကိုသာ ဖြစ်ပါတယ်။ ဧဝံဂေလိ ဒေသနာတော် ဟောကြားတာကို မယုံဘဲ ငြင်းပယ်ကြတာ လေးကို ပြောနေကြတာ ဖြစ်ပါတယ်။

ဘုရားသခင်ရဲ့ ဝိညာဉ်တော်က လူတယောက်ရဲ့ စိတ်ထဲမှာ အလုပ်လုပ်ပြီ ဆိုရင်၊ သူ့ကို ယုံကြည်ချင်တဲ့ စိတ်ဆန္ဒ ရှိအောင် ကျေးဇူးတော်အားဖြင့် ပြောင်းပေးလိုက်တာ ဖြစ်တယ်။ သူ့ကို ဘုရားသခင်ဖက် ပြန်လှည့်ချင် အောင် ပြောင်းပစ်လိုက်တာ ဖြစ်တယ်၊ "တန်ခိုးတော် ပြသော နေ့ရက်ကာလ၌ ကိုယ်တော်၏ လူတို့သည် အလို ရှိကြပါလိမ့်မည်" (ဆာလံ ၁၁၀း၃)။ မပြောင်းလဲသေးတဲ့ လူတယောက်ကတော့ ဘယ်လောက်ဘဲ ဘုရားသခင်ကို ငြင်းပယ်နေပါစေ၊ ဘုရားသခင့် ထာဝရအကြံအစည်တော် ပြည့်စုံတဲ့ နေ့လဲ ရောက်ရော၊ အဲဒီလို ငြင်းပယ်နေ တဲ့လူဟာ သူ ရွေးကောက်ထားတော်မူတဲ့သူတယောက် ဖြစ်နေတယ်ဆိုရင်၊ ဘုရားသခင်ဟာ သူ့ရဲ့ ဂရုဏာတော် အားဖြင့် ရည်ရွယ်တော်မူတဲ့ အချိန် အတိအကျမှာ သူ့ရဲ့ ခေါင်းမာနေခြင်းကို ပြောင်းလဲစေပါတော့တယ်၊ ဘုရား သခင်ကို ဝမ်းမြောက်ဝမ်းသာစွာ အားကိုးပြီး၊ နာခံလာအောင် လုပ်ပေးပါတော့တယ်။ ဒါ့ကြောင့် ကျမ်းစာက "ထတော်မူပါ၊ ဇိအုန်မြို့ကို သနားတော်မူပါ၊ ဇိအုန်မြို့ကို ကယ်မသနားရသော အချိန်၊ ချိန်းချက်တော်မူသော အချိန် ရောက်ပါပြီ" လို့ပြောတာဖြစ်တယ် (ဆာလံ ၁၀၂း၁၃)။ ကျွန်တော်တို့ဟာ မိမိတို့ရဲ့ လွတ်လပ်ခြင်းအားဖြင့် ကယ်တင်ခြင်း ခံကြရတာ မဟုတ်ဘဲ ဘုရားသခင်ရဲ့ တားဆီးလို့ မရတဲ့ တန်ခိုးတော်အားဖြင့်၊ ကျွန်တော်တို့ထဲမှာ အသစ်သော နှလုံးသားကို ပေးတော်မူလျှက်၊ မယုံကြည်ချင်တဲ့ စိတ်၊ ခေါင်းမာတဲ့ စိတ်တွေကို ဖယ်ရှားပေးပြီး တော့၊ ဘုရားသခင့် ဥပဒေသတွေကို ကျွန်တော်တို့ နှလုံးသားတွေထဲမှာ ထည့်ပေးတော်မူပါတယ်၊ အဲဒီလိုပုံစံနဲ့ ကယ်တင်တော်မူတာ ဖြစ်တယ် (ယော ၁း၁၂၊ ၁၃၊ ရောမ ၉း၁၆၊ ဧခရိ

၄း၆၊ ဖေက် ၁း၁၉၊ ယေဇ ၃၆း၂၆)။ အပြစ်ထဲမှာ ဝိညာဉ်ရေးအရ သေနေတဲ့ အပြစ်သားက သူ့နှလုံးသားကို ခရစ်တော် ဝင်ရောက်ဖို့ ဖွင့်မပေး နိုင်ပါ ဘူး။ သခင်ခရစ်တော်က နှလုံးသားကို ပထမ ဖွင့်ပေးတော်မူတာ ဖြစ်တယ် (တမန် ၁၆း၄)။ အဲဒါပြီးတဲ့အခါမှ အပြစ်သားက သခင်ခရစ်တော်ကို ယုံကြည်လာတာ ဖြစ်တယ်။ လက်ခံလာတာ ဖြစ်တယ်။ ခရစ်တော်က အပြစ် သားထံကို အရင်ပထမ လာတာဖြစ်တယ်။ အဲဒီလို လုပ်ပေးမှ အပြစ်သားဟာ သူ့ထံကို သွားနိုင်ပါတယ်။ ဘုရား သခင်က ရွေးကောက်ထားသူတွေကို ခရစ်တော်ထံမှာ ထာဝရကာလ ကထဲက ပေးထားပါတယ်။ အဲဒါကြောင့် အချိန်တန်တဲ့ အခါမှာ သူတို့ဟာ ခရစ်တော်ထံ လာကိုလာလိမ့်မယ် ဆိုတဲ့ အာမခံချက် ရှိနေတာ ဖြစ်တယ် (ယော ၆း၃၇)။ လူသားစီမှာ ခရစ်တော်စီကို လာနိုင်တဲ့စွမ်းအား သဘာဝအားဖြင့် ရှိမနေပါဘူး(ယော ၅း၄၀)။ ခ မည်းတော် ဘုရားသခင်က သူ့ကို သွေးဆောင်တော်မူခါမှ ခရစ်တော်စီကို လာနိုင်ပါတယ် (ယော ၆း၄၄)။ ဘု ရားသခင်က အပြစ်သားကို အသစ်သော နှလုံးသား ရှိစေတဲ့ အခါမှာ အပြစ်သားဟာ ဘုရားသခင်ရဲ့ လမ်း ကြောင်းအတိုင်း လျှောက်လှမ်းနိုင်ပါတယ်။

၇) သန့်ရှင်းသူ(ယုံကြည်သူ)တို့၏ခွဲရှိစွာအသက်ရှင်ခြင်း(Perseverance of the Saints)

ကဲ(လ်)ဗင်းဩဝါဒက ကျမ်းစာအားဖြင့် စစ်မှန်သော ယုံကြည်သူ တယောက်ဟာ ခရစ်တော် ထံကနေ၊ ကယ်တင်ခြင်း ရရှိခြင်းကနေ ဘယ်တော့မှ ရွေ့လျော့ မကျဆုံး သွားနိုင်ဘူးလို့ အခိုင်အမာ ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သခင်ယေရှုက "ထာဝရအသက်ကိုလည်း ငါပေး၏၊ ထိုသိုးတို့သည် ပျက်ဆီးခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်၊ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့လက်မှ မနှုတ်မယူရာ၊ ထိုသိုးတို့ကို ငါ၌ အပ် ပေးတော်မူသော ငါ့ခမည်းတော်သည် ခပ်သိမ်းသော သူတို့ထက် ကြီးမြတ်တော်မူသည် ဖြစ်၍၊ အဘယ်သူမျှ ထို သိုးတို့ကို ငါ့ခမည်းတော်လက်မှ မနှုတ်မယူနိုင်ရာ"လို့ ကတိပေးထားလို့ပါဘဲ (ယော ၁၀း၂၈–၂၉)။ အဲဒီ ကတိ တော်ကို ဘုရားသခင့် လူတွေထံမှာ ချွင်းချက်မဲ့ ပေးထားတော်မူပါတယ်။ "တကယ်လို့၊" "လိုက်နာရင်၊" "အဲဒီလို နေထိုင်ရင်" စတဲ့ ချွင်းချက်တွေနဲ့ ပေးထားတာ မဟုတ်ပါဘူး။ ဘုရားသခင်ရဲ့ ပဋိညာဉ်ဟာ တကယ့်ကို သေချာ လှပါတယ်။ အဲဒီ ပဋိညာဉ်မှာ ဘုရားသခင်ဟာ သူ့လူတွေကို ဘယ်တော့မှ စွန့်မသွားဘူးလို့ ကျိန်ဆိုခြင်းနဲ့ ပြောပါတယ်။ ဒါ့အပြင် သူ့လူတွေကလဲ သူ့ကို ဘယ်တော့မှ စွန့်မသွားအောင် ထိန်းသိမ်းပေးမယ်လို့ ပြောနေပါ တယ်။ "သူတို့ကို မစွန့်ပစ်ဘဲ အစဉ် ကျေးဇူးပြုခြင်းငှာ သူတို့၌ ထာဝရပဋိညာဉ်ကို ငါထားမည်၊ သူတို့သည် လည်း ငါ့ထံမှ မထွက်မသွားမည်အကြောင်း၊ ငါ့ကို ကြောက်ရွံ့သောသဘောနှင့် ပြည့်စုံစေမည်" (ယေ ၃၂း၄၀)။ ဒါ့ကြောင့် ကျွန်တော်တို့ရဲ့ ကယ်တင်ခံရခြင်း၊ အဲဒီ ကယ်တင်ခံရတဲ့ အခြေအနေထဲမှာ ဆက်၍ တည်ရှိနေခြင်း စတာတွေဟာ ကျွန်တော်တို့ အပေါ်မှာ တည်မှီနေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ မသန်မာလှတဲ့ အလိုဆန္ဒ တွေ အပေါ်မှာ တည်နေတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ထဲမှာ အဲဒီအရာတွေကို လုပ်ပေးတော်မူသော ဘုရားသခင်ဟာ အဆုံးသတ် သခင်ယေရှု ခရစ်တော်ရဲ့ နေ့ရက်ထိအောင် စောင့်ရှောက် ပေးတော်မူမှာ ဖြစ် တယ်လို့ ကျွန်တော်တို့တွေဟာ အရမ်းကို သေချာနေကြပါတယ် (ဖိ ၁း၆)။ ကိုယ့်ခွန်အားကို အားကိုး နေကြတာ မဟုတ်ပါဘူး (ရှိလဲမရှိပါဘူး)။ ဒါပေမဲ့ သခင်ယေရှုဟာ ခွန်အားဖြစ်ပါတယ်၊ သူကဘဲ ကျွန်တော်တို့ကို ကျဆုံး မ သွားအောင် စောင့်ရှောက်တော်မူပြီးတော့၊ ဘုရားသခင်ရဲ့ ရှေ့တော်မှောက်မှာ အပြစ်ကင်းစွာ ရှေ့တော် သွင်း နိုင်အောင် ကာကွယ်ပေးမှာ ဖြစ်ပါတယ်။ ရွေးကောက်ခြင်း ခံရသူတွေ အပြစ်ထဲ ကျဆုံးခဲ့ရင်၊ သခင်ဘုရားက ပြန်ထူပေးမှာ ဖြစ်တယ်(သုတ္တံ၂၄း၁၆)။ "သို့သော်လည်း ဘုရားသခင်သည် သစ္စာနှင့် ပြည့်စုံတော်မူ၏၊ သင်တို့ ကို မြဲမြံစေ၍၊ မကောင်းသော အမှုအရာနှင့် ကင်းလွတ်စေခြင်းငှာ စောင့်မတော် မူလိမ့်မည်" (၂သက် ၃း၃)။ ဒါကို ယုံကြည်သူ တယောက်အနေနဲ့ စိတ်ချနေရမှာ ဖြစ်တယ်၊ အခုအတွက်နဲ့ ထာဝရအတွက် ယုံကြည်ခြင်းရဲ့ သေချာမှုကို ရရှိကြမှာ ဖြစ်တယ်၊ အသင်းတော်ထဲက တချို့သောသူတွေ ယုံကြည်ခြင်းကို စွန့်သွားတတ်ကြတာ ရှိနေပေမဲ့ ဒီအမှန်တရားဟာ စစ်မှန်သော ယုံကြည်သူတွေအတွက် အမြဲကို မှန်နေပါတယ်။ ရွေးကောက်ခြင်း ခံ

ရသူတွေကို ကျမ်းစာက “ငါတို့မူကား ပျက်ဆီးခြင်းသို့ ရောက်အံ့သောငှာ ရွေ့လျော့သောသူ မဟုတ်၊ စိတ်ဝိညာဉ်သည် ကယ်တင်ခြင်းသို့ ရောက်အံ့သောငှာ ယုံကြည်သောသူ ဖြစ်ကြ၏”လို့ ပြောနေပါတယ် (ဟေဗြဲ ၁၀း၃၉)။ ဘုရားသခင်က ကတိ ပေးထားတဲ့အတိုင်း ယုံကြည်သူတွေဟာ သူ့ရဲ့ လမ်းတော်ကနေ ဘယ်တော့မှ လွဲသွားမှာ မဟုတ်ပါဘူး၊ ပို၍သာ ခိုင်မာသထက် ခိုင်မာလာမှာ ဖြစ်ပါတယ် (ယောဘ ၁၇း၉)။ ယုံကြည်သူဟာ ယုံကြည်သူအဖြစ် အမြဲတမ်း တည်မြဲနေမှာပါ၊ သူဟာ အဆုံးထိကို ဖွဲ့နဲ့ ဆက်အသက်ရှင်မှာ ဖြစ်တယ်။ လူသားရဲ့ ခွန်အား အားထုတ်မှုနဲ့တော့ မဟုတ်ဘူး၊ ဘုရားသခင်ရဲ့ တန်ခိုးတော်နဲ့ ဖြစ်တယ်။ အဲဒီ တန်ခိုး စွမ်းအားကို သူက ထိုက်တန်လွန်းလို့၊ ကောင်းလွန်းလို့ ပေးတာမဟုတ်ဘူး၊ တယောက်ထဲသော ထိုက်တန်သူ သိုးသငယ်လို့ ခေါ်တဲ့ သခင်ယေရှု ခရစ်တော်ကြောင့် ပေးတာဖြစ်တယ်။ သူဟာ သစ္စာရှိလှတဲ့ ကယ်တင်ရှင် သခင်ယေရှုရဲ့ ပိုင်ဆိုင်ခြင်းကို အမြဲ ခံရမှာ ဖြစ်ပါတယ် “သင်တို့သည် ငါတို့ သခင်ယေရှုခရစ်၏ နေ့ရက်၌ အပြစ်တင်စရာ အခွင့်နှင့် ကင်းလွတ်မည်အကြောင်း၊ သင်တို့ကို အဆုံးတိုင်အောင် ခိုင်ခန့် မြဲမြံစေ တော်မူလိမ့်မည်” (၁ကော ၁း၈)။

**နိဂုံးစကား**

အမှန်တရားဆိုတာ ဘယ်တော့မှ ပေါ်ပြူလာ မဖြစ်ပါဘူး။ ကျွန်တော်တို့ဟာ ပေါ်ပြူလာ ဖြစ်မဖြစ်ကို စိတ်မဝင်စားပါဘူး၊ ဘာမှန်သလဲ ဆိုတာကိုဘဲ အဓိက ထားကြပါတယ်။ ကျမ်းစာက ပြောပြတဲ့ အမှန်တရားက တမျိုး၊ လူတွေက မှန်တယ်လို့ ယူဆချင်တဲ့ အရာက တမျိုး ဖြစ်နေတတ် ပါတယ်။ ဒါ့ကြောင့် မေးရမဲ့ မေးခွန်းက ငါတို့တွေ ဘုရားသခင့် နှုတ်ကပတ်တော်ရဲ့ ပြောပြချက်ကို ဝန်ခံ ချင်ကြပါသလား ဆိုတာဖြစ်တယ်။ ဘယ်လို အခက်အခဲကို တွေ့တွေ့လို့ ပြောရဲပါသလား? အဲဒီလို အနစ်နာခံဖို့ကို လူအတော် နည်းနည်းကဘဲ လုပ်ချင်ကြပါတော့တယ်။ သဘာဝ လူသားရဲ့ စိတ်နှလုံးဟာ ဘုရားသခင်ကို ဘယ်လောက်တောင်မှ ဆန့်ကျင်သလဲ ဆိုတော့၊ ဘယ်လောက်ဘဲ ပညာတတ်နေပါစေ၊ တော်နေပါစေ၊ ပညာရှိနေပါစေ၊ ဒီအမှန်တရားရဲ့ တွေးတော်ပုံ၊ ယုတ္တိဗေဒကျပုံတွေကို သဘောပေါက်ရင်လဲ၊ အဲဒီလူဟာ ဘုရားသခင်ရဲ့ တကယ်အစိုးရတော်မူတဲ့ ကျေးဇူးတော် အမှန်တရားကို မှန်တယ်လို့ကို ဝန်မခံချင်ပါဘူး၊ ဒါမှမဟုတ်ရင်လဲ ဒီအမှန်တရားဟာ မှန်တယ်ဆိုတာကို သိနေလျှက်နဲ့ လက်ကို မခံပါဘူး။ ကောင်းကင်ဘုံက ကောင်းကင်တမန်တပါး သူ့ရှေ့မှာ မတ်တတ်ရပ်ပြီး ဘုရားသခင်ဟာ သူရွေးကောက်ထားသူကိုဘဲ ကယ်တင်တော် မူပါတယ်လို့ ပြောနေရင်တောင်၊ သခင်ယေရှု ခရစ်တော်ဟာ ဒီကမ္ဘာကြီးအတွက် အသေမခံဘူး၊ သူ့ကို ခမည်းတော်က ပေးထားတဲ့ သူတွေ အတွက်ဘဲ သေတာလို့ လာပြော နေရင်တောင်မှ၊ အဲဒီ သဘာဝလူသားက ယုံမှာ မဟုတ်ပါဘူး၊ ယုံလဲ မယုံနိုင်ပါဘူး။ ဒီအမှန်တရား တခုလုံးက လူသားရဲ့ ဇာတိသဘာဝနဲ့ ဆန့်ကျင်နေပါတယ်။ လူသားတွေက တွေးထင်နေတဲ့ မှန်ကန် ဖြောင့်မတ်ခြင်း၊ အတွေ့အကြုံတွေနဲ့ ပြောင်းပြန် ဖြစ်နေပါတယ်။ လူသာပဓါန ဆိုတဲ့ အတွေးအခေါ်နဲ့ ပြောင်းပြန်ကို ဖြစ်နေပါတယ်။

ဒါပေမဲ့ ဘုရားသခင်ရဲ့ ထာဝရ အကြံအစည်တော် ရည်ရွယ်ချက်ဟာ ပြောင်းမသွားပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ကျမ်းစာက “သခင်ဘုရားသည် မိမိလူတို့ကို သိတော်မူ၏ ဟူ၍ တံဆိပ် ခတ်နှိပ်လျှက် ရှိသော ဘုရားသခင်၏ တိုက်မြစ်သည် ခိုင်ခန့်၍ တည်၏”လို့ ပြောထားလို့ ဖြစ်တယ် (၂တိ ၂း၁၉)။ ဘုရားသခင်နဲ့ သူ့ရဲ့ အမှန်တရားဟာ ကျွန်တော်တို့ဖက်မှာ ရှိတယ်ဆိုရင် (ကျွန်တော်တို့သာ သူ့ဖက်မှာ ရှိနေမယ် ဆိုရင်လို့ ပြောရင် ပိုမှန်ပါမယ်)၊ ကျွန်တော်တို့ဟာ ပို၍ အင်အားကြီးတဲ့ ဖက်မှာ ရပ်တည်နေကြတာဘဲ ဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ ဘုရားသခင်က ရှင်းလင်းနေအောင် ဖွင့်ပြတော်မူတဲ့ အမှန်တရားကို ဟောကြားဖို့ဟာ ကျွန်တော်တို့တာဝန် ဖြစ်ပါတယ်။ ကျွန်တော်တို့ ကြားတာကို၊ မြင်နေတာကို ပြောမပြဘဲ မဖြစ်နိုင်ပါဘူး။